**အမေရိကန်ဒေါ်လာ ၁၀,၀၀၀ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အထက်ပမာဏအား ပြည်ပသို့ လွှဲပြောင်းပေးပို့ရာတွင် တင်ပြရမည့် အထောက်အထားများအား အသိပေးကြေညာခြင်း**

၁။ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များအနေဖြင့် အမေရိကန် ဒေါ်လာ ၁၀,၀၀၀ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အထက်ပမာဏအား ပြည်ပသို့လွှဲပြောင်းပေးပို့ ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အကောက်များ အပြေအကြေပေးဆောင်ထားပြီးခြင်း ရှိ/မရှိ၊ အခွန်စာရင်းရှင်းလင်းထားမှုတို့ ဆောင်ရွက်ထားခြင်းရှိ/မရှိတို့ကို **နိုင်ငံခြားသုံးငွေရောင်းဝယ် ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရဘဏ်များက ၁-၅-၂၀၂၃ ရက်နေ့မှစ၍ စိစစ်ဆောင်ရွက်နေပြီ** ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းစဉ်၌ ပြည်ပသို့နိုင်ငံခြားငွေလွှဲပြောင်းမည့်သူက လွှဲပြောင်းမည့်ဝင်ငွေ/ပေးချေ ငွေအမျိုးအစားအလိုက် တင်ပြရန်လိုအပ်သည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | လွှဲပြောင်းမည့်ဝင်ငွေ/ပေးချေငွေ အမျိုးအစား | တင်ပြရန် လိုအပ်သည့် အထောက်အထား |
|---|---|---|
| ၁။ | အမြတ်ငွေ လွှဲပြောင်းခြင်း | - ပုံစံ ပတခ (ဝင)-၈ (သို့မဟုတ်) |
| ၂။ | ကုန်ပစ္စည်းဖိုး ပေးချေခြင်း | - ပုံစံ SAS – 1<br>-အခွန်ဆိုင်ရာ စည်းကြပ်မှုများ မပြုလုပ်ရသေးသည့် အခွန်ထမ်း အသစ်ဖြစ်ပါက ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးထားသည့် အခွန်ထမ်း မှတ်ပုံတင်လက်မှတ် [ ပုံစံ ပတခ (ဝင)-၀၁-၀၂ ] |
| ၃။ | အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက် ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေ | - Withholding Tax နုတ်ယူ ပေးသွင်းထားပြီးဖြစ်ကြောင်း သို့မဟုတ် အခွန်ကျသင့်ခြင်း မရှိကြောင်း သက်ဆိုင်ရာအခွန်ရုံးမှ ထုတ်ပေးထားသည့် အထောက်အထား။ (အဆိုပါ အထောက်အထားအား သက်ဆိုင်ရာအခွန်ရုံးများထံ လျှောက်ထားရယူရမည် ဖြစ်ပါသည်။) |

**ပြည်တွင်းအခွန်များဦးစီးဌာန**

**(စုံစမ်းရန်ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁ ၊ ၀၁-၈၃၈၉၃၂၂)**